ရိုးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်း

ရိုးမန်ခမ်ကျေးရွာအုပ်စု၊ ဗန်းမော်မြို့နယ်

ကချင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရိုးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်း

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မံစီမြို့နယ်၏အကူအညီဖြင့်ရေးဆွဲပါသည်။)

ဩဂုတ်လ၊ ၂၀၂၃

## မာတိကာ


မာတိကာ

၁။တည်နေရာနှင့်ပထဝီအနေအထား ၆

၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၆

၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ ၆

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၇

(က) သီးနှံစိုက်ပျိုးရေး ၇

**(ခ)** မွေးမြူရေးလုပ်ငန်း ၇-၈

**(ဂ)** စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ ၈

**(ဃ)** ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ၈

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၈

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၈

(ခ ) ကျေးရွာမီးလင်းရေး ၈

(ဂ) သတင်းနှင့် ဆက်သွယ်ရေး ၉

၆။ ပညာရေး ၉

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ၉-၁၀

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၀

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၁၀


၁၀။ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၀-၁၃

နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၃-၇၁

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၇၂-၇၈


# ရှီခူးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်း သယံဇာတပြမြေပုံ



# ရီရှူးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်း ရာသီခွင်ပြဲ ပြက္ခဒိန်



# ရိုးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်း အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဇယား



**၁။တည်နေရာနှင့်ပထဝီအနေအထား**

ရီခူးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်းသည် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်-မန္တလေး ကားလမ်းဘေးတွင် တည်ရှိသည်။ ကျေးရွာသည် မံစီမြို့နှင့် (၄)မိုင်ခန့် အကွာတွင်တည်ရှိသည်။ ကျေးရွာ၏ မြေအနေအထားမှာ မြေပြန့်ဖြစ်သည်။ မြောက်လတ္တီတွဒ် ၂၄.၀၆၃၆ နှင့် အရှေ့လောင်ဂျီတွဒ် ၉၇.၁၄၂၈ တွင်တည်ရှိသည်။ အိမ်ခြေ(၉၀)အိမ်၊ လူးဦးရေ(၄၆၀)ဦး ရှိသည်။ ရီခူးမန်ခမ်ကျေးရွာ စံလွန်ယန်ပိုင်းတွင် ကချင်လူမျိုးအများစုနေထိုင်ကြပြီး ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည်။ အခြား တိုင်းရင်းသားလူမျိုးစု အနည်းငယ်နေထိုင်သည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော ကျေးရွာ ဖြစ်သည်။ ရီခူးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်းတွင် နေထိုင်သော အိမ်ထောင်စုများသည် စစ်ဘေးကြောင့် ရွာပျက်ကာ စစ်ဘေးရှောင်စခန်းမှ လာရောက်ပြောင်းရွှေ့အခြေချနေထိုင်သော အိမ်ထောင်စုများ ဖြစ်ကြ သည်။

**၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**

နှစ်စဉ်မိုးရေချိန်လက်မ(၇၁)ခန့်နှင့် ရွာရက်(၉၈)ရက်ခန့်ရရှိသည်။ ကျေးရွာတွင် သဘာဝ အရင်း အမြစ်များအနေဖြင့် သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများမရှိပါ။ ဆောက်လုပ်ရေးအတွက် သဲသာ အသင့်အတင့်ရှိပြီး အလွယ်တကူရရှိနိုင်ပါသည်။ သဘာဝပေါက်ပင်များအနေဖြင့် နွားစာနှင့် ဆေးဖက်ဝင် (အမည်မသိ)အပင်များရှိသော်လည်း စည်းကမ်းမဲ့ခုတ်ယူခြင်းကြောင့် ရှားပါးလာပြီး ထိရောက်စွာ အသုံး ချနိုင်မှုမရှိပါ။ သဘာဝတောရိုင်းတိရစ္ဆာန်များယခင်ကရှိသော်လည်း စည်းကမ်းမဲ့ ဖမ်းယူစားသောက်ကြ သောကြောင့် မျိုးသုန်းပျောက်ကွယ်ကုန်ကြသည်။ စစ်ဘေးရှောင်အခြေချနေထိုင်သော အိမ်ထောင်စု များဖြစ်သည့်အတွက် စိုက်ပျိုးမြေများမှာ ကျေးရွာသူ/သားများ ကိုယ်ပိုင် မရှိဘဲ မြေယာပိုင်ဆိုင်မှုများ သော အခြားကျေးရွာများမှ တောင်သူများထံမှ လယ်မြေများအား ငှားရမ်းကာ လုပ်ကိုင်စားသောက် ကြရသည်။ စိုက်ပျိုးမြေများ ငှားရမ်းလုပ်ကိုင်ရာတွင် စိုက်ပျိုးရေအနေဖြင့် မိုးရေကိုသာ အဓိကအားထား သုံးစွဲကြသည်။ ငှားရမ်းစိုက်ပျိုးသော စိုက်ပျိုးမြေအနေဖြင့် လယ်(၉၁)ကေခန့်ငှားရမ်းလုပ်ကိုင်ကြသည်။။ စပါးကို အဓိက စိုက်ပျိုးပြီး ပြောင်း၊ နှမ်းကို အနည်းငယ်စိုက်ပျိုးကြသည်။ မုန်းညှင်း၊ ချဉ်ပေါင်၊ ရုံးပတေသီး၊ ငရုတ်အစရှိသော သီးပင်စားပင်များကို စီးပွားဖြစ်စိုက်ပျိုးခြင်းမျိုး မဟုတ်ဘဲ အိမ်ခြံမြေ ကွက်လပ်တွင် အိမ်စားရုံသာ စိုက်ပျိုးကြသည်။

**၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ရီခူးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်းတွင် ကျေးရွာတွင်း အဖွဲ့ပေါင်း (၄) ဖွဲ့ရှိပြီး အုပ်ချုပ်ရေးအဖွဲ့နှင့် လူငယ်အဖွဲ့(၂)ဖွဲ့မှာ ဘာသာရေးနှင့် လူမှုရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးကို အခြေခံသော အဖွဲ့များ ဖြစ်ကြပြီး ရပ်မိရပ်ဖအဖွဲ့မှာ ဘာသာရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးကို အခြေခံသောအဖွဲ့ဖြစ်သည်။ ကျောင်းကော်မတီအဖွဲ့မှာ ပညာရေးကို အခြေခံသော အဖွဲ့ဖြစ်သည်။ ရပ်ရွာ၏လိုအပ်ချက်အရဖွဲ့စည်းထားသော အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့နှင့် လူငယ်အဖွဲ့များမှာ စွမ်းဆောင်နိုင်မှုလည်းကောင်းသည်။ ကျောင်းကော်မတီအဖွဲ့မှာ စွမ်းဆောင်နိုင်မှု သင့်သည်။ ရီခူးမံခံ ကျေးရွာစံလွန်ယန်အပိုင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်သော ပြင်ပအဖွဲ့အစည်း အစိုးရ မဟုတ်သော အဖွဲ့အစည်း(၆)ဖွဲ့ရှိသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျေးရွာသူ/သားများမှာ စိုက်ပျိုးမြေပိုင်ဆိုင်မှုမရှိဘဲ လယ်မြေငှားရမ်းလုပ်ကိုင်ကြသည်။ လယ်မြေငှားရမ်းလုပ်ကိုင်ရာတွင် ၂.၅ ဧကအောက်ငှားရမ်းလုပ်ကိုင်သော အိမ်ထောင်စု(၁၀)အိမ်ထောင်စုရှိပြီး (၇)အိမ်ထောင်စုမှာ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများ ဖြစ်သည်။ ၂.၅ ဧကမှ ၅ဧကကြား ငှားရမ်းလုပ်ကိုင်သော အိမ်ထောင်စုမှာ (၃၆)အိမ်ထောင်စုဖြစ်ပြီး ကျန်အိမ်ထောင်စုများမှာ အငှားနေ့စားလိုက်ကာ လုပ်ကိုင်ကြသည်။ အဓိကအားဖြင့် စပါးကိုသာ အားကိုးစိုက်ပျိုးကြပြီး ပြောင်းနှင့်နှမ်းကို အနည်းငယ်စိုက်ပျိုးကြသည်။ မြေဆီလွှာ အရည်အသွေး ယခင်ကအသင့်အတင့် ကောင်းသော်လည်း ဓါတ်မြေသြဇာများ အလွန်အကျွံ အသုံးပြုမှုကြောင့် မြေဆီလွှာ အရည်အသွေး ကျဆင်းလာသည်။

ငှားရမ်းလုပ်ကိုင်သော လယ်အများမှာမိုးရေကိုသာ အဓိကထား စိုက်ပျိုးကြရသည်။ စပါးထွက်နှုန်းမှာ တစ်ဧကေပျှမ်းမျှ (၄၅) တင်းထွက်သည်။ ပြောင်းပျှမ်းမျှထွက်နှုန်းမှာ (၆၀)တင်း နှုန်းထွက်သည်။ မိုးပြောင်းကို တောင်သူအနည်းငယ်သာ စိုက်ပျိုးသည်။ နှမ်း ပျမ်းမျှ(၄၀)တင်းနှုန်း ထွက်သည်။ ကျေးရွာတွင်းရှိ လယ်သမားများတွင် ထွန်စက်သေးနှင့် လက်တွန်းထွက်စက် ပိုင်ဆိုင်သူ တစ်ဦးတစ်ယောက်မှ မရှိဘဲ တစ်ရွာလုံးတွင် ကိုယ်ပိုင်မြက်ရိတ်စက်(၁၀) ခုနှင့် ကျေးရွာပိုင် မြက်ရိတ်စက်(၁)ခုသာရှိပြီး လယ်ယာသုံးကရိယာပိုင်ဆိုင်မှု မရှိသည်ကို တွေ့ရသည်။ လက်တွန်း ထွန်စက်ငှားရမ်းအသုံးပြုမည်ဆိုပါက တစ်ရာသီစပါး (၅၀)တင်းလျှင် တစ်ရက်ငှားခ စပါး (၅)တင်းပေးရသည်။ ရိတ်သိမ်းစက်ငှားရမ်းမည်ဆိုပါက တစ်ရက်ငှားလျှင် စပါး ၇-၈ တင်းပေးကြ ရသည်။ ဧက (၂၅၀၀၀) နှုန်းပေးကြရသည်။ ခြွေလှေ့စက်ငှားရမ်းခမှာလည်း စပါးတင်း ၁၀၀လျှင် ၃-၄ တင်း ပေးရသည်။ ရေစုပ်စက်ကို ပိုင်ဆိုင်သော လယ်သမား(၆)ဦးရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင်သဘာဝရေမြေရာသီတုအနေဖြင့် မြေဆီမကောင်း၊ မြေဆီလွှာများ ခမ်းခြောက်လာသည်။ ချေးငွေဝန်ဆောင်မှု အလွယ်တကူမရရှိနိုင်ခြင်း သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သော်လည်း ဈေးကြီးသောကြောင့်ဝယ်ယူရန်ခက်ခဲသည်။ သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာ ဝယ်ယူရန်ခက်ခဲသည်။ စိုက်ပျိုးရေးထွက်ကုန်များကိုရောင်းချနိုင်သော်လည်း ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ခြင်းမရှိပါ။ နည်းပညာဝန်ဆောင်မှုများလည်းမရှိပါ။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါးမွေးမြူကြသော်လည်းစီးပွါးဖြစ် မွေးမြူလေ့မရှိပါ။ တစ်ပိုင်တစ်နိုင်သာ မွေးမြူလေ့ရှိကြသည်။ နွားကို(၁၀)အိမ်မှ(၂၄)ကောင်၊ ကျွဲကို(၁)အိမ်မှ(၅)ကောင်၊ ဝက်ကို(၃၂)အိမ်မှ(၆၀)ကောင်၊ ကြက်ကို(၄၄)အိမ်မှ (၃၄၉)ကောင်၊ ဘဲကို (၂၃)အိမ်မှ(၆၀)ကောင်မွေးမြူကြသည်။ ငါးမွေးမြူသော အိမ်ထောင်စု(၂)အိမ်ရှိသော်လည်း မြေနေရာခက်ခဲသောကြောင့် ငါးကန်ကြီးနှင့် မွေးမြူခြင်းမျိုးမဟုတ်ဘဲ အိမ်နောက်ဖေးကွက်လပ်တွင် အလျား(၁၅)ပေ၊ အနံ(၁၀)ပေခန့်အကျယ်တူး၍ မွေးမြူခြင်းမျိုးဖြစ်သည်။

မွေးမြူရေးလုပ်ကိုင်ရာတွင် စာကျက်မြေသီးသန့်မရှိ။ နှစ်စဉ်ရာသီရောဂါများ ကျရောက်လေ့ရှိသော်လည်း ဆုံးရှုံးမှု နည်းသည်။ ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ခြင်းမရှိ။ မျိုးကောင်းမျိုးသန့်များလည်းဝယ်ယူလို့မရရှိခြင်းစသည့် အခက်အခဲများရှိသည်။ ထို့ကြောင့် မွေးမြူရေးလုပ်ငန်း တိုးတက်စေရန် နည်းပညာသင်တန်းများလိုအပ်သည်။

### (ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် လယ်မြေများ ၄ားရမ်းကာ လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်သောကြောင့် စိုက်မွေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းမှာ ကျဘမ်းလုပ်ကိုင်သော လုပ်ငန်းသာရှိသည်။ ဈေးကွက် အခြေအနေကို ကောင်းစွာနားမလည်ကြ။ အသေးစားအလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ဆောင်မှုများလည်း အလွယ်တကူမရရှိကြပါ။ အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုတတ်မြောက်မှုတွင်လည်း ကျွမ်းကျင်စွာတတ်မြောက်ခြင်းမရှိကြပါ။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်လိုကြသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကိုယ်ထူကိုယ်ထငွေစုငွေချေးအဖွဲ့တွင် ပါဝင်သော အိမ်ထောင်စု(၃)အိမ်ထောင်စုရှိပြီး ၎င်းအိမ်ထောင်စု(၃)စုသာ ငွေချေးယူ၍ ရကြသည်။ ၎င်းချေးငွေမှာလည်း ကာလတို/လတ်ချေးငွေများဖြစ်ပြီး လိုအပ်သည့်အချိန်၊ လိုအပ်သလောက်မရနိုင်ကြပါ။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများရရှိရန် လိုအပ်သည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် စက်ဘီး(၃၀)စင်း၊ မော်တော်ဆိုင်ကယ်(၁၀၈)စီး၊ သုံးဘီးဆိုင်ကယ် (၂)စီး၊ ထော်လာဂျီ(၅)စီးနှင့် ကား(၁)စီးရှိသည်။

ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီသွားလာရခက်ခဲသည်။ မိုးရာသီတွင် ကျေးရွာလမ်းများ ရေဝပ်သောကြောင့် ကောင်းမွန်သော ရေမြောင်းစနစ်များ တည်ဆောက်ပေးရန် လိုအပ်ပါသည်။ ရွာချင်း ဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်သည်။ ကုန်ထုတ်လမ်းမှာ ကျေးရွာချင်းဆက်လမ်းကို အသုံးပြု၍ ကတ္တရာလမ်းဖြစ်သောကြောင့် တစ်နှစ်ပတ်လုံး အသုံးပြု၍ ရသည်။

### (ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင်အိမ်ခြေ (၉၀) ရှိသော်လည်း မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲနိုင်သူ(၅၃)အိမ်ရှိသည်။ ကျင်(၃၇)အိမ်မှာ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲလိုသော်လည်း မီးတိုင်များစိုက်ထူနိုင်ခြင်း၊ ငွေကြေးတတ်နိုင်မှု မရှိသောကြောင့် သုံးစွဲနိုင်ခြင်းမရှိပါ။ ကျန်(၃၇)အိမ်မှ (၅)အိမ်မှာ ဆိုလာမီးကိုသုံးစွဲနိုင်ပြီး ကျန်အိမ်ထောင်စုများမှာ ဖယောင်းတိုင်မီးများကိုသာ သုံးစွဲကြသည်။ မဟာဓါတ်အားလိုင်းတိုးချဲ့ပေးရန်နှင့် မီတာဘောက်များ ချပေးရန် လိုအပ်ပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် တစ်ရွာလုံးဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်းအရေအတွက် (၁၁၃)လုံးရှိပြီး အမ်ပီတီ၊ တယ်လီနော၊ မိုင်တဲနှင့် အော်ရီဒူးဖုန်းများကို အသုံးပြုကြသည်။ တီဗီ (၂၄)လုံးနှင့် ဂြိုလ်တုစလိုင်း (၂၆)လုံးရှိသည်။ အိမ်ထောင်စုအားလုံးနီးပါး ဖုန်းအသုံးပြုနိုင်ကြသော်လည်း အင်တာနက်လက်လှမ်းမီသည့် အိမ်ထောင်စု(၃၇)အိမ်သာရှိသည်။

## ၆။ ပညာရေး

ကျေးရွာပိုင်းတွင် စာသင်ကျောင်းမရှိပါ။ ကျေးရွာပိုင်းရှိ မူလတန်းအရွယ်ကျောင်းသူ/သားများမှာ ကျေးရွာနှင့် (၁)မိုင်ခန့်ကွာဝေးသည့် ရီခူးမန်ခမ်ကျေးရွာရှိ မူလတန်းကျောင်းတွင် သင်ယူကြသည်။ အလယ်တန်းနှင့် အထက်တန်းတက်ရောက်သော ကျောင်းသူ/သားများမှာ ကျေးရွာနှင့် (၄)မိုင်ခန့်ကွာဝေးသည့် မံစီမြို့ပေါ်ရှိ အ.ထ.က(မံစီ)ကျောင်းတွင် သွားရောက်၍ တက်ရောက်ကြရသည်။ ကျောင်းသူ/သားများမှာ ကျောင်းတက်ရသည်မှာ ရွာနှင့် ဝေးကွာသောကြောင့် ကျောင်းကြိုပို့ သုံးဘီးယာဉ် ထူထောင်ပေးရန် လိုအပ်ပါသည်။

စာမတတ်သော လူဦးရေများမှာ မသန်စွမ်းသူများဖြစ်ကြပြီး (၆)ဦးရှိသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ(၄၄)ရာခိုင်နှုန်းအထိများပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၃၃) ရာခိုင်နှုန်း၊ အထက်တန်း အဆင့်တတ်မြောက်သူ (၂၀) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့်ထိစာတတ်မြောက်သူ (၂) ရာခိုင်နှုန်း ရှိသည်။ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုများမှာ တဖြည်းဖြည်း နည်းလာသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်နှစ်စဉ်ကာကွယ်ဆေးများပုံမှန်ထိုးပေးလေ့ရှိသော်လည်း အာဟာရပညာပေး အစီအစဉ်များမရှိပါ။ ကျေးရွာတွင် ရောဂါဖြစ်ပွားမှုနိမ့်ကာ ကျန်းမာရေးအသင့်အတင့် ကောင်းမွန်ကြသည်။ ကျေးရွာပိုင်း အနီးတဝိုက်တွင် ကျေးလက်ကျန်းမာရေး ဌာနခွဲမရှိသောကြောင့် (၄)မိုင်ခန့်ဝေးသော မံစီမြို့ပြည်သူ့ဆေးရုံ သို့သွားကြရသည်။ အရေးပေါ်အခြေအနေများတွင် မြို့နယ်ဆေးရုံများသို့ ပို့ဆောင်ရန် လမ်းခရီးကောင်းမွန်သော်လည်း အရေးပေါ်ယာဉ်အခက်အခဲများရှိသည်။

ကျေးရွာတွင် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော စက်တပ်အဝီစိတွင်း(၂)တွင်းရှိသည့် အတွက် သောက်သုံးရေ တစ်နှစ်ပတ်လုံးဖူလုံမှုရှိသည်။ စင်မြင့်ရေစင်(၂)စင်ရှိသောကြောင့် အိမ်တိုင်ရာရောက်ရေသွယ်စနစ် ဆောင်ရွက်လိုပါသည်။ ကျေးရွာတွင် အိမ်သီးပင်စားပင်များ စိုက်ပျိုးရေရရှိရန် လက်တူးတွင်းများတူးဖော်ထားသောကြောင့် တရွာလုံးတွင် လက်တူးတွင်း(၆၀)တွင်းခန့် ရှိသော်လည်း အဆိုပါတွင်းများမှာ တစ်နှစ်ပတ်လုံးသုံးစွဲ၍ မရပါ။ နွေနှင့် ဆောင်းဦးချိန်များတွင် ရေခမ်းခြောက်မှုရှိသည်။

ကျေးရွာရှိ အိမ်ထောင်စု(၉၀)အိမ်လုံး ယင်လုံအိမ်သာ သုံးစွဲနိုင်ပါသည်။ NGO အဖွဲ့အစည်းဖြစ်သော ICRC အဖွဲ့မှ နိုင်ငံတော်ဘတ်ဂျက်ဖြင့် တည်ဆောက်ခဲ့သော တန်ဖိုးနည်းအိမ်ယာ(၈၇)လုံးအတွက် ယင်လုံအိမ်သာ(၈၇)လုံးတည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး ကိုယ်ထူကိုယ်ထ အခြေချနေထိုင်သော

အိမ်ထောင်စု(၃)အိမ်ထောင်စုမှလည်း ယင်လုံအိမ်သာသုံးစွဲသောကြောင့် ယင်လုံအိမ်သာမသုံးစွဲနိုင်မှု မရှိပါ။

**၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု၊ မြေယာမဲ့ဆင်းရဲသားတောင်သူနှင့် လက်လုပ်လက်စားကျပန်းများသည် သဘာဝဘေးအန္တရာယ်နှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေ ကြုံတွေ့ပါက ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

သဘာဝဘေးအန္တရာယ်အနေဖြင့် မြစ်ရေကြီးမှု၊ လျှပ်တပြက်ရေကြီးခြင်း၊ မုန်တိုင်းဒီရေ၊ ဆူနာမီ များ ဖြစ်ပွားမှုနိမ့်သည်။ အပူလှိုင်း၊ အအေးလှိုင်း၊ တောမီးလောင်ခြင်းများ ဖြစ်ပွားမှု လတ်သည်။ လူကြောင့် ဖြစ်သောဘေးအန္တရာယ်များအနေဖြင့် သစ်တောပြုန်းတီးခြင်း၊ ငှက်ဖျားရောဂါ၊ ကိုယ်ခံအား ကျဆင်းမှုရောဂါ၊ တီရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု ဖြစ်ပွားမှုလတ်သည်။ ပြည်တွင်းပဋိပက္ခဖြစ်ပွားမှု မြင့်သည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ယခင်မိမိတို့ ကျေးရွာများသို့ ပြန်လည် အခြေချနေထိုင်နိုင် ခြင်း မရှိသည့်အတွက် မြင့်ဟု သတ်မှတ်ထားသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ကျေးရွာတွင်စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် အားနည်းနေသည်။ လမ်းဆုံနေရာများတွင် အမှိုက်ပုံးများထားခြင်း၊ အမှိုက်သိမ်းလုပ်သားနှင့် အမှိုက် သိမ်းယာဉ်များထူထောင်ခြင်း၊ စနစ်တကျ အမှိုက်စွန့်ပစ်ကန်များတည်ဆောက်ပေးရန် လိုပါသည်။

**၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ**

ရီချူးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်း၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်ကြသော်လည်း စီမံအုပ်ချုပ်မှုပိုင်းတွင် ရွေးချယ်တင် မြောက်ခြင်း ၊ နေရာပေးခန့်ထားခြင်းများမရှိပါ။

**၁၀။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ(ရီချူးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်း)**

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | လမ်းတံတားနှင့်အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း | ၁။ကျေးရွာတွင်းသဲကျောက်လမ်းခင်းခြင်းလုပ်ငန်း | ၁ |
| | | ၂။ကွန်ကရစ်လမ်းခင်းခြင်း | ၂ |
| | | ၃။ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း<br>၄။အားကစားကွင်းတည်ဆောက်ခြင်း | ၃၃<br>၆ |

| | | | |
|---|---|---|---|
| | | ၄။ကျေးရွာပိုင်စပါးကြိတ်စက်တည်ဆောက်ခြင်း | ၁၂ |
| ၂ | စိုက်ပျိုးရေရရှိရေး ဖွံ့ဖြိုးမှုစီမံကိန်း | - | |
| ၃ | ကျန်းမာရေးဖွံ့ဖြိုးမှု စီမံကိန်း | ၁။အရေးပေါ်လူနာတင်ယာဉ် | ၃ |
| ၄ | လူငယ်ဖွံ့ဖြိုးရေး စီမံကိန်း | ၁။အားကစားပစ္စည်းများပံ့ပိုးခြင်း | ၄ |
| | | ၂။မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေး သင်တန်း | ၂၉ |
| | | ၃။လူကုန်ကူးကာကွယ်တားဆီးရေးအသိပညာပေး သင်တန်း | ၃၃ |
| | | ၄။အင်တာနက်အကျိုးရှိရှိအသုံးပြုနည်းသင်တန်း | ၂၆ |
| ၅ | အမျိုးသမီးများစွမ်း ဆောင်ရည်ဖွံ့ဖြိုးမှုစီမံ ကိန်း | ၁။အမျိုးသမီးများအိမ်တွင်းအကြမ်းဖက်မှု ကာကွယ်ရေးအသိပညာပေးသင်တန်း | ၁၆ |
| ၆ | ဘဏ်နှင့်ငွေကြေးဝန် ဆောင်မှုဖွံ့ဖြိုးရေး စီမံကိန်း | ၁။အတိုးနှုန်းသက်သာသောနှစ်ရှည်ချေးငွေ | ၅ |
| ၇ | မွေးမြူရေးနည်းပညာ ဖွံ့ဖြိုးမှုစီမံကိန်း | ၁။တိမွေးကုမွမ်းမံသင်တန်းနှင့် မွေးမြူရေးဆိုင်ရာ နည်းပညာသင်တန်း | ၁၇ |
| ၈ | စိုက်ပျိုးရေးသီးနှံထုတ် လုပ်မှုဖွံ့ဖြိုးရေး စီမံကိန်း | ၁။မျိုးကောင်းမျိုးသန့်ရရှိရေး | ၁၁ |
| | | ၂။ကျေးရွာပိုင်လယ်ထွန်စက်ထူထောင်ခြင်း | ၁၂ |

| | | | |
|---|---|---|---|
| | | ၃။နှစ်ရှည်ပင်မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်း (ကွမ်းသီး၊ဒညင်း၊တရုတ်ဆီးသီး) | ၁၈ |
| ၉ | သောက်ရေနှင့်သန့်ရှင်း မှုဖွံ့ဖြိုးမှုစီမံကိန်း | ၁။ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ် | ၃ |
| ၁၀ | စိုက်/မွေးမဟုတ်သော အသက်မွေးဝမ်း ကျောင်းနည်းပညာ ဖွံ့ဖြိုး မှုစီမံကိန်း | ၁။အခြေခံစက်ချုပ်သင်တန်း | ၈ |
| | | ၂။အခြေခံစားသောက်ကုန်နှင့်လူသုံးကုန်ထုတ်လုပ်မှု သင်တန်း | ၁၉ |
| | | ၃။ဆပ်ပြာပြုလုပ်နည်းသင်တန်း | ၂၅ |
| ၁၁ | စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးရေးစီမံကိန်း | ၁။စိုက်ပျိုးရေးဆိုင်ရာနည်းပညာသင်တန်း | ၂၄ |
| | | ၂။ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းမှုသင်တန်း | ၂၇ |
| | | ၃။သဘာဝမြေဆွေးပြုလုပ်နည်းသင်တန်း | ၃၀ |
| | | ၄။ကိုင်းကူးကိုင်းဆက်သင်တန်း | ၂၀ |
| ၁၂ | အဖွဲ့အစည်းဆိုင်ရာစီမံ ခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံ ကိန်း | ၁။အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း | ၃၁ |
| | | ၂။ငွေကြေးစီမံခန့်ခွဲမှုသင်တန်း | ၂၁ |
| ၁၃ | ပညာရေးဖွံ့ဖြိုးမှု စီမံကိန်း | ၁။မူကြိုကျောင်းဆောင်တည်ဆောက်ခြင်း | ၉ |
| | | ၂။မူကြိုကျောင်းကလေးကစားကွင်းတည်ဆောက်ခြင်း | ၁၀ |
| ၁၄ | ကျန်းမာရေးနည်း ပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ကျန်းမာရေးအသိပညာပေးသင်တန်း | ၁၄ |
| ၁၅ | မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးမှုစီမံကိန်း | ၁။တိရိစ္ဆာန်မျိုးကောင်းမျိုးသန့်ရရှိရေး | ၁၅ |

| | | | |
|---|---|---|---|
| ၁၆ | သဘာဝဘေးလျှော့ချရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။သဘာဝဘေးလျှော့ချရေးသင်တန်း | ၃၂ |
| ၁၇ | သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ကျေးရွာအမှိုက်ပုံးထားရှိခြင်း | ၂၂ |
| | | ၂။အမှိုက်သိမ်းယာဉ်ထူထောင်ခြင်း | ၂၃ |
| | | ၃။အမှိုက်စွန့်ပစ်ကန်တည်ဆောက်ခြင်း | ၇ |
| | | ၄။အမှိုက်သိမ်းစနစ်ဆောင်ရွက်မည့် လူမှုအဖွဲ့များအား ထောက်ပံ့ပေးခြင်း(လစာ၊ ထောက်ပံ့ငွေ) | ၂၈ |
| ၁၈ | ကျေးရွာမီးလင်းရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။မဟာဓါတ်အားလိုင်းတိုးချဲ့သွယ်တန်းခြင်းနှင့် မီတာဘောက်များရရှိရေး | ၁၃ |

**လူမှုစီးပွားရေးဆိုင်ရာကိန်းဂဏန်းအချက်အလက်များ (ရီရွှးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်း၊ ရီရွှးမန်ခမ်ကျေးရွာအုပ်စု၊ ဗန်းမော်မြို့နယ်)**

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၉ | ၁၅ | | |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၃ | ၁၀ | ၃၃ | | |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၈ | ၂၉ | ၅၇ | | |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၀ | ၂၄ | ၄၄ | | ၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၂၁ | ၁၄၃ | ၂၆၄ | ၂ | ၃ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၃၉ | ၉ | ၄၈ | | |

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|
| | | | | ကျား | မ |
| စုစုပေါင်း | ၂၃၇ | ၂၂၄ | ၄၆၁ | ၂ | ၄ |
| စုစုပေါင်း အိမ်ထောင်စု (၉၀) | တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၅.၁၂ | | | | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ရီခူးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်းတွင် အိမ်ထောင်စုပေါင်း(၉၀)ရှိပြီး လူဦးရေပေါင်း(၄၆၁) (ကျား ၂၃၇ + မ ၂၂၄) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ(၅.၁၂)ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော (၅)ယောက်နှုန်းထက်အနည်းငယ်ကျော်လွန်သည်ကို တွေ့ရသဖြင့် လူဦးရေ တိုးပွါးမှု နှုန်းမှာ ပုံမှန်ဖြစ်သည်။ ကျေးရွာတွင်နို့စို့အရွယ်ကလေးငယ်စုစုပေါင်း(၁၅)ဦး၊ ၃.၃၀% သာရှိ သဖြင့် ယခုနှစ်များတွင် ကလေးမွေးဖွါးနှုန်း ကျဆင်းနေသေးသည်ကို တွေ့ရသည်။ (၅)နှစ်အောက် ကလေး(၃၃)ဦး (၇.၂%) ရှိသည်ကို သိရှိခြင်းအားဖြင့် လူဦးရေအသင့်အတင့်ရှိပြီး ကာကွယ်ဆေး ထိုးရမည့် ကလေးနှင့် မူကြိုကျောင်း တက်ရောက်နိုင်သည့် ကလေးအရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေး ထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တိုင်းတာ တွက်ချက် နိုင်မည်။ မူကြိုကျောင်း လိုအပ်မှုရှိမရှိကိုလည်း အလွယ်တကူဆန်းစစ်နိုင်သည်။ မူလတန်းအရွယ် ကလေး(၅၇)ဦး (ကျား၂၈+ မ၂၉) (၁၂.၃၆%)နှင့် အလယ်တန်းကျောင်းသားအရွယ် (၄၄)ဦး (ကျား ၂၀+ မ ၂၄) (၉.၅%) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ခြင်း ရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ်(၂၆၄) (ကျား၁၂၁+မ၁၄၃)၊ (၅၇.၂၇%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေအနည်းငယ်များပြားသည်ကို တွေ့ရသည်။ ၎င်းတို့ကို အလုပ် အကိုင် ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင် ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူဖြစ်မည်။ အလုပ်လုပ်ကိုင်နိုင်သော အရွယ်တွင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်(၂၂)ဦး (၈.၃၃%) ပိုနည်းနေသည်ကို တွေ့ရ သည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး(၄၈)ဦး (ကျား၃၉+မ၉)ဦး (၁၀.၄၁%) ရှိသဖြင့် သက်ကြီးရွယ်ကြီး အသင့်တင့်ရှိသောကြောင့် ကျေးရွာတွင် ကျန်းမာရေးအခြေအနေ အသင့်တင့်ကောင်းမွန်နေသည်ဟု ခန့်မှန်းနိုင်ပါသည်။ သက်ကြီးရွယ်ကြီးတွင်လည်း အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်(၃၀)ဦး နည်းနေသည်ကိုတွေ့ရသဖြင့် အမျိုးသားများသည် အမျိုးသမီးများထက် အသက်ရှည်သည်ကို တွေ့နိုင်သည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉၀ | ၉၀ | ၉၀ | မြင့်☐လတ်☑နိမ့်☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၄ | ၅၄ | | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | | မြင့်☐လတ်☑နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၉၀ | ၉၀ | ၉၀ | မြင့်☐လတ်☑နိမ့်☐ |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၉၀ | ၂၃၉ | ၁၈၀ | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ**"အရေအတွက်တွင်"**မိသားစုဝင်လုပ်အား**"ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)**" ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် လအလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး**" ကဏ္ဍ ၏ "**ကိုယ်ပိုင်လုပ်ငန်း**"တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။**။ ရီခူးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်းရှိ အိမ်ထောင်စု(၉၀)လုံးမှာ စိုက်ပျိုးစီးပွားရေးလုပ်ငန်းတွင် ကိုယ်ပိုင်ဆောင်ရွက်လုပ်ကိုင်ရန်မြေယာမရှိဘဲ အခြားကျေးရွာများရှိ တောင်သူများထံမှ လယ်မြေများငှားရမ်းလုပ်ကိုင်ခြင်း နေ့စားအငှားလိုက်ကာ လုပ်ကိုင်ဆောင်ရွက်သည်ကို တွေ့ရခြင်းကြောင့် စိုက်ပျိုးမြေများ ဖော်ထုတ်ပေးရန်လိုအပ်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းအား ကိုယ်ပိုင်လုပ်ကိုင်သော အိမ်ထောင်စု(၅၄)ဦးရှိသော်လည်း အရင်းအနှီးမရှိခြင်းကြောင့် စီးပွားဖြစ်မွေးမြူနိုင်ခြင်းမရှိဘဲ အနည်းငယ်သာမွေးမြူနိုင်သည်။ ငါးမွေးမြူသော အိမ်ထောင်စု(၂)စုရှိသော်လည်း အရင်းအနှီးမရှိခြင်း မြေနေရာခက်ခဲခြင်းများကြောင့် အိမ်နောက်ဘေးမြေကွက်လပ်တွင် အလျား(၁၅)ပေ၊ အနံ(၁၀)ပေခန့်သာတူးဖော်၍ မွေးမြူကြရသည်။ ကျေးရွာပိုင်းရှိ အိမ်ထောင်စု(၉၀)အိမ်လုံး ကျပမ်းအလုပ်များ လုပ်၍ အသက်မွေးဝမ်းကြောင်း ပြုလျက်ရှိသည်ကို တွေ့ရှိရသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်ပါသည်။ အရင်းအနှီးလိုအပ်လျက်ရှိသည့်အတွက် အတိုးနှုန်းနည်းသော နှစ်ရှည်ချေးငွေစီမံကိန်းများ ဖန်တီးပေးရန် လိုအပ်လျက်ရှိသည်။

### (ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်**(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (လစာ÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

**လေ့လာတွေ့ရှိချက်။။** ရီခူးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်းတွင် ဝင်ငွေရလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ တရိစ္ဆာန်မွေးမြူရေး၊ ငါးမွေးမြူရေးနှင့် ဆောက်လုပ်ရေး(လက်သမား/ပန်းရံ)လုပ်ငန်း (၄)မျိုးတည်းသာရှိသည်။ ကျားမလုပ်အားခတန်းတူရရှိသည်ကို တွေ့ရှိရသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်။ မြေယာမဲ့များအတွက်အလုပ်အကိုင်ပုံမှန်မရှိသောကြောင့် ပြင်ပ၊ ပြည်တွင်း ပြည်ပ(တရုတ်)သို့ ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ကြရသည်။

## (ဂ) သဘာဝရင်းမြစ်များ

## (ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၉၁ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စုစုပေါင်း | ၉၁ | | | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)**
**မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။။** စစ်ဘေးရှောင်အခြေချနေထိုင်သော အိမ်ထောင်စု များဖြစ်သည့်အတွက် စိုက်ပျိုးမြေများမှာ ကျေးရွာသူ/သားများ ကိုယ်ပိုင် မရှိဘဲ မြေယာပိုင်ဆိုင်မှုများ သော အခြားကျေးရွာများမှ တောင်သူများထံမှ လယ်မြေများအား ငှားရမ်းကာ လုပ်ကိုင်စားသောက် ကြရသည်။ ငှားရမ်းစိုက်ပျိုးသော စိုက်ပျိုးမြေအနေဖြင့် လယ်(၉၁)ဧကခန့်ငှားရမ်းလုပ်ကိုင်ကြသည်။။ စပါးကို အဓိက စိုက်ပျိုးပြီး ပြောင်း၊ နှမ်းကို အနည်းငယ်စိုက်ပျိုးကြသည်။ မုန်းညှင်း၊ ချဉ်ပေါင်၊ ရုံးပတေသီး၊ ငရုတ်အစရှိသော သီးပင်စားပင်များကို စီးပွားဖြစ်စိုက်ပျိုးခြင်းမျိုး မဟုတ်ဘဲ အိမ်ခြံမြေ ကွက်လပ်တွင် အိမ်စားရုံသာ စိုက်ပျိုးကြသည်။ စိုက်ပျိုးမြေများ ဖန်တီးပေးရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

## (၈-၂) ခဲတတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခဲတတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခဲတတ်ငွေ့၊ရေနံ၊ကျောက်မျက်၊ရွှေစသည်။)** | များ☐ သင့်☐ နည်း ☐ မရှိ☒ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☒ | လျော့☒ တိုး☐ အပြောင်းအလဲမရှိ ☐ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ☐ သင့်☒ နည်း☐ မရှိ☐ | လွယ်☒ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့☒ တိုး☐ အပြောင်းအလဲမရှိ ☐ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ☐ သင့်☐ နည်း☒ မရှိ☐ | လွယ်☐ ခက်☒ အသုံးမပြုနိုင်ပါ ☐ | လျော့☒ တိုး☐ အပြောင်းအလဲမရှိ ☐ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ☐ သင့်☐ နည်း☐မရှိ☒ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☒ | လျော့☒ တိုး☐ အပြောင်းအလဲမရှိ ☐ |
| **ရေ-မြေပေါ်ရေ (အင်း၊ အိုင်၊ ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း)** | များ☒ သင့်☐ နည်း☐မရှိ☐ | လွယ်☒ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့☒ တိုး☐ အပြောင်းအလဲမရှိ ☐ |
| ရေ-မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း) | များ☒ သင့်☐ နည်း☐မရှိ☐ | လွယ်☒ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့☒ တိုး☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော-အပူပိုင်းသစ်တော | များ☐ သင့်☒ နည်း☐မရှိ☐ | လွယ်☐ ခက်☒ အသုံးမပြုနိုင်ပါ ☐ | လျော့☒ တိုး☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော-ဒီရေတောများ | များ☐ သင့်☐ နည်း☐မရှိ☒ | လွယ်☐ခက်☐ အသုံးမပြုနိုင်ပါ ☒ | လျော့☒ တိုး☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ရီခူးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်းတွင် သဘာဝအရင်းအမြစ်များအနေဖြင့် သတ္တုနှင့်အခြား တွင်းထွက်သယံဇာတများမရှိပါ။ ဆောက်လုပ်ရေးအတွက်သဲများ အသင့်အတင့်ရှိပြီး အလွယ်တကူရရှိနိုင်ပါသည်။ သဘာဝပေါက်ပင်များအနေဖြင့် နွားစာနှင့်ဆေးဖက်ဝင် (ဆင်တုံးမနွယ်၊ ကျန်အပင်များမြန်မာအမည်မသိကြပါ)အပင်များအနည်းငယ်ရှိသည်။ ထိရောက်စွာအသုံးချနိုင်မှုမရှိ။

စည်းကမ်းမဲ့ခုတ်လှဲထုတ်ယူခြင်းကြောင့် ရှားပါးလာသည်။ သဘာဝပေါက်ပင်များကို ထိရောက်စွာ အသုံးချနိုင်ခြင်းမရှိ။ ဈေးကောင်းမရကြဘဲ ထုတ်ယူသုံးစွဲမှုများခြင်းကြောင့် တဖြည်းဖြည်း ရှားပါး လာသည်။ သဘာဝပေါက်ပင်များကို ကျွမ်းကျင်မှုမရှိသောကြောင့် အကျိုးရှိရှိအသုံးမပြုနိုင်ကြပါ။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက်စွာ အသုံးမပြုနိုင်ကြပါ။ တိုင်းရင်းဆေးပညာသင်ကြားနိုင်ပါ ကကျေးရွာဖွံ့ဖြိုးရေးအတွက် အကျိုးရှိလာမည်ဖြစ်သည်။ သဘာဝတောရိုင်းတိရစ္ဆာန်အများလည်း မရှိတော့ပါ။ မြေပေါ်ရေ၊ မြေအောက်ရေများ ပေါများမှုရှိသည်။ သစ်တောကြိုးဝိုင်းဘေးဖြစ်သော်လည်း အသုံးပြုရန် ခက်ခဲသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း(သို့)မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ရိုးရိုးသွပ်အမိုး/ ထရံကာ၊ကြမ်းခင်း ၊ | သွပ်မိုး၊ထရံကာ၊မြေစိုက်/ဝါးကြမ်းခင်း |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား(ဝင်ငွေ) အလွန်ကောင်း | စီးပွား(ဝင်ငွေ) အသင့်အတင့် | စီးပွား(ဝင်ငွေ) နည်း | မရှိ |
| အိမ်ထောင်စု (၁၅၃) | | ၄၂ (၄၆.၆၇%) | ၄၈ (၅၃.၃၃%) | |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ရီခူးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်းတွင် အိမ်ခြေ(၉၀)အိမ်ရှိပြီး စစ်ဘေးရှောင် အိမ်ထောင်စုများဖြစ်သည့်အတွက် အဆင်ပြေသောအိမ်ထောင်စုမရှိပါ။ အလယ်အလတ်ရှိသော အိမ် ထောင်စု (၄၂) အိမ် (၄၆.၆၇%)၊ အဆင့်၃ (၄၈) အိမ် (၅၃.၃၃%)ရှိသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများ အနေဖြင့် ဝင်ငွေအသင့်အတင့်ရှိသော်လည်း စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှု နှင့်ဆိုင်သော ပစ္စည်းပိုင်ဆိုင်မှု မရှိပါ။ မပြေလည်သော အိမ်ထောင်စုမှားမှာ ပုံမှန်အလုပ်အကိုင်မရှိ၊ လုပ် အားခမှာလည်းအလွန်နည်းသောကြောင့် ပြည်တွင်းအခြားမြို့များနှင့် ပြင်ပတရုတ်ပြည်သို့ ရွှေ့ပြောင်း သွားလာလုပ်ကိုင် စားသောက် ကြရသည်။

## (င)	ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဋ္ဌစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃ဂရာခိုင်နှုန်းစီမှကောက်ယူမည်)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၄၂ | ၄ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____၄၂________<br>ချေးယူ = _____၄၂______<br>လုပ်အားခကြိုယူ = ____၄၂________ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | ၄၈ | ၁၀ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = _____၁၈______<br>ချေးယူ = _____၁၈______<br>လုပ်အားခကြိုယူ = ______၁၈_____ |

**ရင်းမြစ်..ဋ္ဌစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃ဂရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ရိခူးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်းတွင် ၃လ နှင့် ၆ လကြားဝမ်းစာဖူလုံမှု အိမ်ထောင်စု(၄၂)အိမ်ဖြစ်ပြီး အိမ်ထေင်စုများမှာ ဝမ်းစာလုံလောက်ရန် အထောက်အပံ့ယူခြင်း၊ ချေးယူခြင်း၊ လုပ်အားခကြိုယူခြင်းဖြင့် ဖြေရှင်းကြသည်။ ၆ လမှ ၁၂လအထိဝမ်းစာဖူလုံမှု အိမ်ထောင်စု(၄၈)စုဖြစ်ပြီး ဝမ်းစာတွက်လိုအပ်လာပါက ချေးယူခြင်း၊ လုပ်အားခကြိုယူခြင်းဖြင့် ဖြေရှင်းကြသည်။

## (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၄ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၈ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | ၈ | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ရီခူးမန်ခမ်ကျေးရွာစံလွှန်ယန်ပိုင်းတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စုသည်(၄)အိမ် ရှိပြီး ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု (၈)အိမ်ရှိသဖြင့် အိမ်ထောင်ရှင် အမျိုးသမီးမရှိသော အမျိုးသား ဦးဆောင်သည့် အိမ်ထောင်စုများနေသည်ကို တွေ့ရသည်။ ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု(၈)အိမ်ရှိသည်ကို ကြည့်ခြင်းအားဖြင့် ဇနီးသေ/အိမ်ထောင်ကွဲ များသည်ကို တွေ့ရသည်။ လုပ်ခလစာများနည်းခြင်း/အလုပ်အကိုင်ရှားပါးခြင်းကြောင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု(၈)အိမ်ရှိသည်ကို ကြည့်ခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်သည်။

## (င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | √ | | | √ | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | √ | | | √ | | |

| **စဉ်** | **ထိခိုက်လွယ်မှုအမျိုးအစား** | **ထိခိုက်လွယ်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | | | **စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ** | | |
|---|---|---|---|---|---|---|---|
| | | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမိ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | လျှော | | | | | | |
| ၈ | အပူလှိုင်း | | √ | | | √ | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | | √ | | | √ | |
| ၁၁ | မိုးသီးကြွေကျမှု | √ | | | √ | | |
| ၁၂ | မိုးခေါင်ခြင်း | √ | | | √ | | |
| ၁၃ | တောမီးလောင်ခြင်း | | √ | | | √ | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | **လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | √ | | | √ | |
| ၁၈ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | | √ | | | √ | |
| ၁၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်စီးခြင်း | | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | | √ | | | √ |
| ၂၁ | ငှက်ဖျားရောဂါ | | | √ | | | √ |
| ၂၂ | တီဘီရောဂါ | √ | | | √ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | √ | | | √ | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| ၂၄ | ကပ်ရောဂါ | | √ | | | √ | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | | √ | | | √ |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | √ | | | √ | |
| ၂၇ | လူကုန်ကူးခြင်း | | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | | | √ | | | √ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ရီခူးမန်ခမ်ကျေးရွာစံလွန်ယန်ပိုင်း၏ သဘာဝဘေးအန္တရာယ်များ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေအရ အပူလှိုင်း၊ အအေးလှိုင်းနှင့် တောမီးလောင်မှုများမှာ နှစ်စဉ်တွေ့ကြုံရခြင်းကြောင့် လတ်ရခြင်းဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ခြင်းမရှိသေးသဖြင့် မကြာခဏ တိုက်ပွဲများ ဖြစ်ပွားမှုရှိသောကြောင့် ပြည်တွင်းပဋိပက္ခတွင်လည်း ထိခိုက်သက်ရောက်လွယ်မှု မြင့်ရခြင်းဖြစ်သည်။

စားနပ်ရိက္ခာမဖူလုံမှု၊ သဘာဝအရင်းအမြစ်ရှားပါးရခြင်းမှာ ထိခိုက်လွယ်မှု လတ်သည်။ သစ်တောပြုန်းတီးခြင်း၊ ငှက်ဖျားရောဂါဖြစ်ပွားမှုများမှာ မြင့်သည်။ တီဘီရောဂါတို့တွင် ထိခိုက်သက်ရောက်လွယ်မှု နိမ့်ခြင်းဖြစ်သည်။

ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ဖျက်ပိုး၊ ရောဂါများကျရောက်ခြင်း၊ အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ခြင်းမရှိခြင်း၊ သွင်းအားစုများ အသုံးမပြုနိုင်ခြင်းနှင့် နည်းပညာအားနည်းခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းနည်းခြင်းနှင့် ပုံမှန်အလုပ်အကိုင်မရှိ၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး ပုံမှန်ဝင်ငွေမရှိခြင်း၊ ဝင်ငွေနည်းပါးခြင်းတို့ရှိသော်လည်း စားနပ်ရိက္ခာမဖူလုံမှုတွင် ထိခိုက်သက်ရောက် လွယ်မှု လတ်သည်။

လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်သော်လည်း ယခင်မိမိတို့ နေထိုင်ခဲ့ရာ ကျေးရွာများတွင် ပြန်လည် အခြေချနေထိုင်နိုင်ခြင်းမရှိခြင်းကြောင့် မြင့်သည်ဟု သတ်မှတ်နိုင်သည်။

ကျန်ထိခိုက်လွယ်မှုအမျိုးအစားများ မိုးခေါင်ခြင်း၊ ၊ ငလျင်၊ ဆားငန်ရေဝင်မြေ၊ လူကုန်းကူးခြင်းတို့မှာ ထိခိုက်သက်ရောက်လွယ်မှု မရှိသာလျှင်ဖြစ်သည်။

## (င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | | | √ | | | √ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | | | √ | | | √ |
| ၃ | မြေယာမဲ့ဆင်းရဲသားတောင်သူ | | √ | | | √ | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောဒေသတွင်နေထိုင်သူ | | | | | | |
| ၅ | ပင်လယ်၊ မြစ်ကမ်းဘေးနေထိုင်သူများ | | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ | | | | | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | | | | | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | | √ | | | √ | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | | √ | | | √ | |
| ၁၁ | လူနည်းစုလူမျိုးများ | | √ | | | √ | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | | | √ | | | √ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | | | | | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | | | | | | |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | | √ | | | √ | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | | √ | | | √ | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | √ | | | √ | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ရီရူးမန်ခမ်ကျေးရွာစံလွှန်ယန်ပိုင်းတွင်** ထိခိုက်သက်ရောက်မှုခံရနိုင်သည့် သူများတွင် လူငယ်၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ၊ ထိခိုက်သက်ရောက်နိုင်မှု မြင့်သည်။

လူငယ်၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ သက်ရောက်နိုင်မှုမြင့်ရခြင်းမှာ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပုံမှန်အလုပ် အကိုင်နှင့် ဝင်ငွေမရှိခြင်းတို့ကြောင့်ဖြစ်သည်။

ဒေသတွင်းပဒိုပက္ခရေိယာတွင် နေထိုင်သူများသည် ထိခိုက်သက်ရောက်လွယ်မှုနိမ့်ဖြစ်သည်။ ကျန်လူအုပ်စုများမှာထိခိုက်သက်ရောက်နိုင်မှု လတ်နှင့် မရှိကြပါ။

## (၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

### (က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေးအဖွဲ့ | ၁☐၂☒၃☐ | ၅ | ၂ | ၇ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒<br>လုံခြုံရေးနှင့်ကာကွယ်ရေး☒ | ကောင်း☒<br>သင့်☐<br>ညံ့☐ |
| ၂ | ရပ်မိရပ်ဖအဖွဲ့ | ၁☐၂☒၃☒ | ၂၅ | ၂၀ | ၄၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☒<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒<br>လုံခြုံရေးနှင့်ကာကွယ်ရေး☒ | ကောင်း☒<br>သင့်☐<br>ညံ့☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၃ | လူငယ် (အပျိုလူပျိုအဖွဲ့) | ၁☐၂☒၃☒ | ၄၀ | ၄၄ | ၈၄ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့်ကာကွယ်ရေး☒ | ကောင်း☒<br>သင့်☐<br>ညံ့☐ |
| ၄ | ကျောင်းကော်မတီ | ၁☐၂☒<br>၃☐ | ၅ | ၄ | ၉ | ပညာရေး☒ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☒<br>ညံ့☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

